တာရာမင်းဝေ

# ကျွန်တော်တူးဖော်ခဲ့သည့် မြေစိုင်မြေခဲများ

(၂)

## ကျွန်တော်နှင့်နွေယာဉ်စွန်းတန်း

(ဝတ္ထုတိုစု)

# ME AND THE TROPIC OF SUMMER

မောင်မျိုး စီစဉ်သည်။

# သတ္တိ

သူဌေးသားက ပြော၏။

"နှင်းဆီပန်းကြီးတွေကို ပခုံးပေါ်မှာ ထမ်းပြီး
စစ်သူကြီးတစ်ယောက်လို လမ်းလျှောက်ချင်လိုက်တာ"

မြင်းရထားမောင်းသူ ပြန်ပြော၏။

"ထင်သလောက် မလွယ်ဘူး အရှင်၊
တချို့ပန်းစိုက်သမားတွေက သိပ်ရဲရင့်ကြတယ်"

# ခွင့်

ရထား ။ ။ ကျွန်တော့်ကို **ငါးမိနစ်**နောက်ကျခွင့် ပေးပါ။

ဘူတာ။ ။ ဘာဖြစ်လို့လဲ။

ရထား ။ ။ **ပထမမိနစ်**မှာ ကျွန်တော် အဝေးကြီးကနေ လာနေပြီဆိုတာကို စောင့်နေကြသူတွေ မြင်ဖို့၊ **ဒုတိယ မိနစ်**မှာ အိပ်ပျော်နေသူတွေ နိုးဖို့၊ **တတိယမိနစ်**မှာ တချို့လူတွေ ဖိနပ်စီးဖို့၊ **စတုတ္ထမိနစ်**မှာ တချို့တွေ ဆုံးဖြတ်ချက်တစ်ခုကို ချဖို့၊ **ပဥ္စမမိနစ်**မှာ တချို့တွေ နောက်ဆုံးစကားတွေ ပြောကြဖို့။

# နှစ်ချို့

အိမ်ရှင်က ပြော၏။

“ဒါ နှစ်ချို့ပိုင်လေ၊ နှစ်ချို့မိတ်ဆွေကြီးနဲ့ နှစ်ချို့ပိုင်ဟာ
ဘဝမှာ အကောင်းဆုံးလို့ ပြောကြတယ်မဟုတ်လား။
ခင်ဗျားတို့လို နှစ်ချို့မိတ်ဆွေကြီးတွေကို ကျုပ်က ဒါနဲ့
ဧည့်ခံမှာပေါ့”

အပြန်လမ်းမှာ ကျွန်တော်တို့ချင်း စကားဆိုဖြစ်သည်။

“မကောင်းတာကတော့ သူ့ခေါင်းထဲက
နှစ်ချို့ဒဿနတွေ ပါပဲဗျာ”

# ၃

"ဒီသေတ္တာလေးထဲမှာ ဘာရှိလဲလို့ သိချင်လိုက်တာဗျာ"

"သော့ဖွင့်ကြည့်လိုက်ပေါ့"

"အဲဒီလိုလုပ်ဖို့ကျတော့လည်း သော့ခလောက်လေးကို
အားနာနေတယ်"

# အကြည့်များ

**"ဟိုးအရှေ့မှာ မီးရောင်"**

ပထမလူ ။ ။ မီးရောင်ဆီရောက်မှ ကိုယ့်ကိုယ်ကို သေသေချာချာ ပြန်ကြည့်ရဦးမယ်။

ဒုတိယလူ။ ။ ပတ်ဝန်းကျင်ကို အရင်ကြည့်ပစ်လိုက်မယ်ဗျာ။

တတိယလူ။ ။ [အတန်ကြာသည်အထိ တိတ်ဆိတ်နေပြီးမှ] ကျွန်တော်ကတော့ မီးအိမ်ထွန်းသူကို အရင်ကြည့်မယ်ဗျာ။

# ဖြစ်တည်မှု

"အဲဒါ သစ်သားက မီးလောင်ပြီး ကျန်တဲ့ ပြာတွေပဲ၊ မင်း ဘာလုပ်မလို့လဲ"

"ကျွန်တော် သိချင်တာရှိလို့ ဆရာ၊ ဒီပြာတွေကရော မီးထပ်လောင်နိုင်မလား"

"ဟင့်အင်း မလောင်နိုင်ဘူး"

"ကျွန်တော်လဲ အဲဒါကို သိချင်တာ ဆရာ၊ ဒီနေ့ကစပြီး ကျွန်တော် သစ်သားလို မနေတော့ဘူး ပြာလိုပဲ နေတော့မယ်"

# အပေါင်းအသင်း

ကျီးမ ။ ။ "အဲဒီချိုင့်ဝှမ်းထဲက နဂါးကြီးဟာတော်...
အကြီးကြီးပဲ၊ ဒေါသထွက်လို့ သူကိုယ်ကို
ခုံးထလိုက်ရင်လည်း အမြင့်ကြီးပဲ"

ကျီးဖို ။ ။ "ဟေ အဲဒါဆို နဂါးကြီးကို ပြောပော့
လူတွေနဲ့ မပေါင်းနဲ့လို့ တော်ကြာ သူ့ကို
ခုံးကျော်တံတားလုပ်ပစ်လိမ့်မယ်"

# မှတ်တိုင်

သေလောက်သောရောဂါရှိသည့် လူနာနှစ်ဦး အဝေးသို့ ငေးမောနေကြသည်။

အတန်ကြာမှ.............

တစ်ယောက်က မထီတရီအပြုံးဖြင့်...

"သင်္ချိုင်းမှာ မှတ်တိုင်တစ်ခုစိုက်ရဖို့ဆိုတာတောင် သေရဲဖို့ လိုတယ်ဗျ"

ကျန်တစ်ယောက်က သက်ပြင်းချရင်း ပြော၏။

"အင်း...သမိုင်းမှာ မှတ်တိုင်စိုက်နိုင်ဖို့ဆိုတာကလည်း ရှင်ရဲဖို့လိုသေးတယ်ဗျာ"

# ခေါင်း

ပြိုင်ပွဲတွင် ရှုံးနိမ့်လာသူဖြစ်၍ ထိုလူက မကျေမချမ်းဆိုသည်။

"အမှန်ဆို ကျွန်တော် ရရမယ့် ဆုတံဆိပ်ဗျ၊ အဲဒီပင်အပ်က ဆုတံဆိပ်ကို ဘယ်ရင်ဘတ်မှာ သွားချိတ်တာလဲမသိဘူး...တောက်"

အဖော်ဖြစ်သူ ပြန်ပြော၏။

"ပင်အပ်ကိုလည်း သေသေချာချာ ကြည့်ဦးလေ၊ သူမှာ ခေါင်းရှိတယ်ဗျ"

# ဒဏ်ရာ

ဆရာဝန်က ပြော၏။

"ခင်ဗျားရဲ့ဒဏ်ရာတွေ ကျက်သွားပါပြီ"

"ဒဏ်ရာတော့ ကျက်ပါရဲ့ ဒါပေမယ့်..."

ကဗျာဆရာက လေးကန်စွာ ဆက်ပြော၏။

"ပုံမှန်တော့ ပြန်မဖြစ်တော့ဘူးနော်"

# ပုခဝိန်

‘‘စက္ကူနဲ့ဖြတ်ရင် ဘာကို ပြတ်နိုင်သလဲဗျ’’

“ဟင့်အင်း၊ စက္ကူက ဘာကိုမှ ဖြတ်နိုင်မှာ မဟုတ်ဘူး”

ထိုအမေးစကားကို ကြားရသူတိုင်းက ထိုသို့ပင် ပြန်ဖြေကြသည်။ သို့သော် ထိုလူကမူ ဖွဲမလျှော့သေး။ ခါးမှာ စက္ကူပုခဝိန်တစ်လက် ချိတ်ထားပြီး လူတကာကို လျှောက်မေးနေလေသည်။

# ဆု

"သားတော်ကို နာကျည်းခွင့်၊ ကလဲ့စားချေခွင့် ပေးတော်မူပါ အရှင်ဘုရား"

သူ့ဆုတောင်းစကားကို မာရ်နတ်က ကြားမှ ဝင်ရောက်ဖြေကြားပေးလိုက်သည်။

"ကောင်းပြီ၊ ဒီနေ့ကစပြီး မင်းရဲ့ရင်ထဲမှာ ဆူးပန်းတစ်ပွင့် ပွင့်စေ"

# ရွက်ကြွေ

"ငှါရဲ့ဆောင်းတွင်း သစ်ရွက်တွေကို ဘယ်သူ
လာခြွေလိုက်တာလဲ"

စာဆိုတော်ကြီးက ဒေါ်သတကြီး အော်မေး၏။

နွေရာသီက ဘာမှ ပြန်မဖြေကြားချေ။

# စင်ကြယ်သူ

"အနောက်တိုင်းသားတွေမှာ အလှအထတစ်ခု
ရှိတယ်ဗျ၊ ကိုယ်ဖြစ်ချင်တာရှိရင် ဘေးနားမှာရှိတဲ့
သစ်သားတစ်ခုကို ကိုင်ပြီး ဆုတောင်းရတယ်လို့
ပြောကြတယ်"

.........................

"ကျွန်တော်လည်း ဆုတောင်းခဲ့တယ်ဗျာ၊
သစ်သားတစ်ခုကို ကိုင်ပြီး
စင်ကြယ်သူတစ်ယောက်ဖြစ်ရပါလို၏လို့
ဆုတောင်းခဲ့တယ်"

သူ့ဆုတောင်းပြည့်မပြည့် စင်ကြယ်သူ ဖြစ်မဖြစ်
ကိုတော့ ကျွန်တော် မပြောတတ်ပါ။
ပြောတတ်တာ တစ်ခုပဲ ရှိ၏။ ဆုတောင်းစဉ်မှာ
မည်သည့်သစ်သားကို သူ ကိုင်ခဲ့သလဲမသိ။
သူ့လက်မှာ ရေနံချေးမည်းမည်းကြီးများ
ပေ ကျံ နေ လေ သည်။

# လုပ်ရပ်

ကျောက်ခဲစုဆောင်းနေသော သူငယ်ကလေးကို
ကုန်သည်တစ်ဦးက လှမ်းခနဲ့၏။
"ဘာလဲ...ကောင်းကင်ကြီးကို ခဲနဲ့ ပေါက်မလို့လား၊
လုပ်မနေနဲ့...မင်းခဲလုံးက ကောင်းကင်ဆီ
ဘယ်တော့မှရောက်မှာ မဟုတ်ဘူး"

သူငယ်ကလေးကတော့ ကျောက်ခဲတွေကို
ဆက်ကောက်မြဲကောက်၏။

စကားတစ်ခွန်းကိုလည်း အေးအေးဆေးဆေး ပြန်ပြောသည်။

"ဦးလေးပြောသလို မဟုတ်ပါဘူး၊ ပင်လယ်ထဲကို ပစ်ချမလို့ပါ၊ ဒီကျောက်ခဲတွေဟာ ပင်လယ်ရဲ့အောက်ခြေကြမ်းပြင်အထိ ကျသွားကြမှာပါ သေချာပါတယ်"

# ကွေးညွတ်မှု

နားလည်ရခက်သော လူတစ်ယောက်ထံသို့ ကျွန်တော်တို့ သွားကြရမည်။ မိတ်ဆွေက တိုးတိုးဖွဖွ ပြော၏။

"အဲဒီလူပြုံးလိုက်ရင် သူရဲ့နှုတ်ခမ်း ဘယ်ဘက်ထောင့်က ကွေးသွားတယ်ဗျ"

"နှလုံးသားရဲ့ ဘယ်ဘက်ထောင့်က ကွေးမသွားရင် တော်ပါပြီဗျာ"

ရောက်အောင်ဖြင့် သွားရချေဦးမည်။

# လိုအပ်ချက်

မြို့တစ်ခု၏ လမ်းမကြီးတစ်ခုပေါ်မှာ ဖြစ်၏။
လူငယ်တစ်ယောက် သွေးရူးသွေးတန်း
လျှောက်နေသည်။

"ဟေ့ သူငယ် မင်းရဲ့ရင်ဘတ်ကြီး နှစ်ခြမ်းကွဲလို့ပါလား"
"ဟုတ်တယ် ကျွန်တော့်ကို တစ်ခု ကူညီပါဗျာ"
"ဘာကူညီရမှာလဲ"
"နှစ်ခြမ်းကွဲနေတဲ့ ကျွန်တော့်ရင်ဘတ်ကြီးကို
ပြန်ဆက်ဖို့ ကြယ်သီးတစ်လုံးလောက် ရှာပေးပါလား"

## စမ်းသပ်ချက်

ဒဿနဆရာက ပြောသည်။
"အမှန်တရားက ရောက်တော့ရောက်လာမှာပဲ
နောက်ကျတာကို သည်းခံရမယ်၊ သူက
ဖြည်းဖြည်းချင်းပဲ လာတတ်တယ်လေ"

သိပ္ပံဆရာက သူတပည့်များကို အမိန့်ပေးလိုက်သည်။
"ဟေ့ အားလုံး အပြင်ထွက်ကြ၊ ချိုင်းထောက်ရာကို
လိုက်ရှာကြ"

# အကန့်အသတ်

အရုပ်ရောင်းသော လူကြီးက ကလေးငယ်ကို

လက်ဆောင်တစ်ခု ပေး၏။

"ဒီမှာ ကြည့်စမ်း ရွှံ့နဲ့လုပ်တဲ့ ထီးကလေး မလှဘူးလား"

"လှတယ်"

"အေး၊ သား သဘောကျရင် ယူသွား"

သူက တစ်ခုကိုပဲ ကန့်သတ်တားမြစ်လိုက်၏။

"အဲဒီထီးကို မိုးမမိစေနဲ့နော်"

# သံစဉ်

"မင်းကို ငါ ရိုက်ချိုးပစ်လိုက်ချင်တယ် သိလား"

"ခင်ဗျားကိုလည်း ကျွန်တော် ဆွဲထိုးပစ်လိုက်ချင်တယ်"

တယောတေးသွားအဆုံးမှာ 'ဘိုးတံ'နှင့် 'တယော'

ရန်ဖြစ်ကြ၏။

ပရိသတ်ကတော့ ဘာမှမသိ။ ဂီတသံစဉ်ကို ချီးကျူးကြ

သည်။ လက်ခုပ်သြဘာ တီးကြသည်။

ဘိုးတံကမူ မျော့နေအောင် ခါးညောင်းလျက်

တယောကြိုးကလည်း မီးတောက်လုနီးပါး

ကျောပူလျက်...။

# ဆွေးနွေးခြင်း

*"ခြောက်ပါးလောက် ထားပါလား ဦးပဥ္စင်းရယ်"*

*"မရဘူး ဒကာ၊ ရှစ်ပါးရှိနေလို့ပါ"*

*"ဒါဖြင့် ခုနစ်ပါးလောက် လုပ်ပါ ဦးပဥ္စင်း"*

*"ဘယ်လိုမှ မရလို့ပါ၊ ရှစ်ပါးပါပဲ"*

ဘုန်းကြီးကျောင်းမှ အဆင်းမှ ကျွန်တော်က သူ့ကို မေးမိ၏။

"ခင်ဗျားအိမ်ကို သံဃာတော်တွေ ဆွမ်းစားကြွဖို့ လာဖိတ်တာလား"

"မဟုတ်ပါဘူးဗျာ လောကဓံတရားအကြောင်း ဆွေးနွေးနေကြတာပါ"

# ရိက္ခာ

လပြည့်ညဖြစ်၏။

လမင်းကြီးက ကောင်းကင်မှာ ရွှန်းရွှန်းဝင့်ဝင့်

သာသည်။

"ကြည့်စမ်း လမင်းကြီးက ဗိုက်ကြီးဖောင်းလို့"

ခွေးပိန်ကလေးကို ပွေ့ဖက်ကာ သူတောင်းစားက

ဆက်ပြော၏

"ဘာမှ အားမငယ်နဲ့ သိလား...၊

လမင်းကြီးတောင် တစ်လတစ်ခါပဲ ဗိုက်ဝအောင်

စားရတယ်"

# အကျဥ်းအကျယ်

"ကမ္ဘာတစ်ပတ်လောက် ရှက်လွှင့်လိုက်ချင်တယ်ဗျာ…၊ ခက်တာက ကမ္ဘာကြီးကို ကျဥ်းပစ်လို့လဲ မရဘူး"

"လွယ်ပါတယ် မင်းကိုယ်မင်း  ကျယ်ပစ်လိုက်ပေါ့"

သူ ဘာမှ ဆက်မပြောတော့ချေ။

# အတွေ့

"ပြတင်းပေါက်တွေ ပိတ်လိုက်စမ်း"

"ဘာဖြစ်လို့လဲ
တစ်ခုခုများ အပြင်က ဝင်လာလို့လား"

"မဟုတ်ဘူး
တစ်ခုခု အပြင်ကို ထွက်သွားမှာ စိုးလို့"

# မာယာ

ကျီးကန်းတစ်ကောင်ကို ကျွန်တော် ခဲနှင့်
ကောက်ပေါက်ပစ်လိုက်၏။

ကျီးကန်းကို မထိချေ။

သို့သော် ကျီးကန်းက 'အား'ခနဲ အော်ပြီး
ထွက်ပြေးသွားလေသည်။

# လွဲချော်မှု

"ငါကလည်း မှားသွားတယ်၊ ဘုရားကျောင်းထဲမှာ စစ်တုရင် သွားကစားမိတယ်"

"ဘာများ ဖြစ်လာလို့လဲ"

"ဘုရားက အဲဒါမျိုးကို အားမပေးဘူးလေကွာ"

"သဘောပေါက်ပါပြီ၊ စစ်တုရင်ပွဲမှာ မင်းချည်းပဲ ရှုံးသွားတယ်မဟုတ်လား"

# သားအဖ

သား ။ ။ "အဖေရေ၊ ရွှံ့တွေထဲက အိုးကြီးတစ်လုံး တွေ့တယ်"

အဖေ ။ ။ "ဟေ...ဟုတ်လား၊ အိုးကြီးထဲကရော ဘာတွေ တွေ့လဲ"

သား ။ ။ "အိုးကြီးထဲကလည်း ရွှံ့တွေ တွေ့တယ် အဖေရဲ့"

# အကြောင်းအကျိုး

သားငယ်က ညည်းတွား၏။

"တိမ်တွေ မရှိတော့၊ ဒါပေမယ့် မိုးကတော့ ရွာနေတုန်းပဲ"

ဖခင်က ဘာမှ ပြန်မပြောသေး၊ ရွာသို့ ရောက်လု ရောက်ခင်ကျမှ စကားတစ်ခွန်း ဆိုသည်။

"မိုးမရွာတော့ဘူး၊ ဒါပေမယ့် ငါတို့က စိုနေတုန်းပဲနော်"

သားငယ်မှာ...တွေးစရာများစွာ ရခဲ့လေသည်။

# လွတ်ငြိမ်းခွင့်

တရားလိုအဖြစ် ဇနီးမောင်နှံများစွာ
ရောက်ရှိနေပြီဖြစ်၏။
တရားခံဖြစ်သော မြားနတ်မောင်က ဝင်ခြံထဲမှာ။
တရားသူကြီးက ဆုံးဖြတ်ချက်ကို ပြတ်သားစွာ ချ၏။

"မျက်မြင်သက်သေ မရှိသောကြောင့် လွတ်စေ"

# စာမေးပွဲ

"မဖြေဘူးလား"

"ဟုတ်ကဲ့"

"မရေဘူးလား"

"ဟုတ်ကဲ့"

ဆရာမလေး လှည့်ထွက်သွား၏။ ကျွန်တော် မဖြေနိုင်သော စာမေးပွဲဖြစ်ပါသည်။ ရိုးသားကျေနပ်စွာ စွန့်လွှတ်ခဲ့သော အောင်မြင်မှုတစ်ခုလည်း ဖြစ်ပါသည်။ သို့သော်လည်း ကိုယ့်ကိုယ်ကို ကျေနပ်ပါသည်။

ရှုံးနိမ့်ခဲ့ရသည့် စာမေးပွဲဖြစ်သည့်တိုင်…
ဖြေဆိုသူ ကုလားထိုင်မှာ…
ကျွန်တော် ဘုရင်ထိုင် ထိုင်ဖြစ်ခဲ့လေသည်။

# ပြောင်းပြန်

"ဟို သူငယ်လေးက ဦးထုပ်ကို ဘာကြောင့် ပစ်မြှောက်နေတာလဲ"

"တစ်ခုခုကို ဝမ်းသာလို့ပေါ့ဗျာ"

ဖြေသံအဆုံးမှာ ထိုလူ့မျက်နှာ မှုန်သွား၏။ ဖိနပ်ချွတ်ပြီး သူ လျှောက်ပြေးနေသည်။

# အဆက်အစပ်

"ဘယ်လိုမှ ခွင့်လွှတ်စရာ မကောင်းတဲ့ကောင်ပဲ၊
ဒီကောင်ဟာ နတ်ဆိုးပဲ"

"အဲဒါဆိုလဲ သူ့ကို တစ်ခုခု ပြောလိုက်ပေါ့ဗျာ"

"ဘယ်လိုလုပ် ပြောလို့ရမှာလဲ၊ နတ်ဆိုးပါဆို၊
သူ့ဘာသာ သိကြားမင်းနဲ့ ပြောလိမ့်မယ်"

# အချိန်အခါ

"မမှည့်လိုက်ပါနဲ့ မှည့်လိုက်ရင် မင်းကို
ဝိုင်းရှုးကြမှာပဲ"

သစ်သီးလေးတစ်လုံးကို အခြားသစ်သီးများက
ဝိုင်းတားမြစ်နေကြခြင်းဖြစ်၏။
ထိုသစ်သီးလေးက လက်မခံ။

"ရှုးမှာကြောက်လို့ မမှည့်ရဘူးဆိုရင်
ငါ သစ်သီးဖြစ်ရကျိုး ဘယ်နပ်တော့မလဲ"

စကားဆုံးလျှင် ဆုံးချင်း...
ရွှေအဆင်းဖြင့် သူ ဝင်းလိုက်လေသည်။

# လည်ပတ်မှု

စည်းဝိုင်းအလယ်မှာ တွဲကနေသော စုံတွဲကို ကြည့်ပြီး
မိတ်ဆွေက ပြော၏။
"ဒီပါတီမှာ သူတို့ အတူတွဲကြတယ်၊ ပြီးရင် ပစ်ကနစ်
အတူထွက်မယ်၊ ပြီးရင် နိုက်ကလပ် အတူ သွားမယ်၊
ပြီးရင် သူတို့ယူလိုက်ကြမယ်"

သူ့စကားကြောင့် ကျွန်တော် အားနာသလို ဖြစ်မိ၏။
"ခင်ဗျားကလည်းဗျာ အဲလောက်ကြီး
လျှောက်မပြောပါနဲ့ သူတို့ဘာသာ တွဲကနေတဲ့ဟာကို
ခင်ဗျား မဖြစ်သေးတာတွေကိုပါ
လျှောက်ပြီးပြောနေတာကိုး"
"ဖြစ်ပြီးတာကို ပြောတာဗျ ယူပြီးလို့ ကွဲပြီးသွားကြပြီ၊ ခု
ဒီဟာက နောက်တကြော့ ပြန်ဆုံနေကြတာ"

## ဇရာ

နာရီပြင်ဆရာက ပြင်လက်စ ရှေးဟောင်းနာရီကြီးကို ကြည့်ကာ...

*"ကျွန်တော် ကြိုးစားပြီး ပြုပြင်ပါတယ်"*

*"အင်း"*

*"ဒါပေမယ့် ဘယ်လိုပြင်ပြင် မရဘူးဗျ"*

ဝမ်းနည်းနေဟန်ရှိသော သူ့ကို အဘိုးအိုများက ဝိုင်းဝန်း အားပေးလိုက်ကြ၏။

"ဘာမှ စိတ်မကောင်းမဖြစ်ပါနဲ့ဗျာ၊ ပြင်လို့မရတာ ခင်ဗျား အပြစ်ရှိပါဘူး၊ ရှေးဟောင်းနာရီဆိုမှတော့ အိုနေပြီပေ့ါဗျာ၊ နာရီတင်မဟုတ်ပါဘူး၊ **လူတွေမှာလည်း....... အိုနေရင်.......**"

# သဘာဝ

မိုးကြိုးပစ်သံတစ်ချက် ကြားလိုက်၏။

"သဘာဝအရဖြစ်တဲ့ မိုးကြိုးပေါ့ဗျာ"

မိုးကြိုးထိမှန်သေဆုံးထားသော သစ်ပင်ကိုလည်း တွေ့၏။

"သဘာဝအရဖြစ်နေတဲ့ သစ်ပင်ပါပဲ"

သူ့စကားကို လွယ်လင့်တကူ လက်မခံကြတော့ချေ။

**"ဒီသစ်ပင် သေတာကတော့ သဘာဝအရ သေတာတော့ မဟုတ်ဘူးဗျ"**

# အမေးအဖြေ

တောင်စဉ်တန်းကြီးများဆီသို့ လူငယ်တစ်ယောက်က လှမ်းအော်သည်။

*"ကျွန်တော့်ကို ပဲ့တင်သံတွေ ပြန်ပေးပါ"*

တောင်စဉ်တန်းကြီးများဆီမှ သူစကားအတိုင်း ပဲ့တင်သံများ ပြန်ရိုက်ခတ်လာသည်ကို ကြားရ၏။ လူငယ်က အလိုမကျစွာ ခေါင်းကို ယမ်းခါသည်။

"ဘာကိစ္စ ငါပြောသမျှကို သံယောင်လိုက်ပြောရတာလဲ၊ တကယ်ဆို မင်း တောင်းစရာမလိုဘူး၊ ဘယ်သူ့ကိုမဆို ပဲ့တင်သံ ငါ ပြန်ပေးတယ်လို့ ဖြေရမှာ"

# အစုန်အဆန်

နွေရာသီက ကျေးဇူးတင်စကား ဆို၏။

"ညသြလေးရေ၊ ငါရဲ့ခြောက်သွေ့မှုကို
မင်းရဲ့တေးသံနဲ့ စိုပြည်အောင် လုပ်ပေးတဲ့အတွက်
ကျေးဇူးပါပဲ"

ညသြငှက်က လေးကန်သော လေသံဖြင့် ပြန်ပြော၏။

"ငါ ရေငတ်တယ်"

# အရွေ့သုည

အပြေးသမားက သတင်းထောက်များကို ဖိတ်ခေါ်ကာ ရှင်းလင်းပွဲ လုပ်ချိန်မှာ ဖြစ်၏။ အပြေးလေ့ကျင့်ခဲ့သော သူ့မှတ်တမ်းစာအုပ်မှ သူပြေးလွှားခဲ့ရာမိုင်ပေါင်းများစွာကို ပေါင်းကြည့်ပြီး သတင်းထောက်အိုကြီးက…

"ဝမ်းနည်းစရာပဲ၊ ခင်ဗျား အများကြီးပြေးခဲ့တယ်နော်"

"ဟုတ်ကဲ့"

"ခုထိ ဘယ်မှလည်း မရောက်သေးပါလားဗျာ"

# ကွဲပြားမှု

ကြောင်ကလေးက အဘိဓာန်ကို လက်သည်းနှင့်
ကုတ်ပြီး လှန်၏။ ဘေးလူများက ဝိုင်းအသိပေး၏။

"ဟေ့ ဟိုမှာ အဘိဓာန်စာအုပ်ကြီး လန်သွားပြီ"

စာရေးဆရာလေးက လှည့်မကြည့်အားချေ။

"စာအုပ်လန်တာက ကိစ္စမရှိပါဘူးဗျာ၊ စကားလုံး
အဓိပ္ပာယ်တွေ လန်မသွားရင် ပြီးတာပါပဲ"

# အနိမ့်အမြင့်

"ဟာ...ကြည့်စမ်း၊ ကမ်းပါးစွန်းက သစ်ပင်ကြီးဟာ မိုးထိအောင် မြင့်တက်သွားပါလား"

လေသံ တဟူးဟူးကြားမှာပဲ၊ အဖော်ဖြစ်သူ ပြန်လည်ဖြေကြား၏။

"သစ်ပင်က မြင့်တက်သွားတာ မဟုတ်ဘူး၊ ကျုပ်တို့က ချောက်ထဲ ကျနေတာဗျ"

# ၈၅

ဖတ်သူ ။ ။ "ကိုယ့်စိတ်ကိုယ် ဘယ်လို
ခုတ်မောင်းပြီး ခရီးနှင်ရမှာလဲ"

ကျမ်းစာအုပ်။ ။ "ကိုယ့်စိတ်ကိုယ် ရပ်ထားတဲ့
နည်းနဲ့သာ ခုတ်မောင်းခရီးနှင်ပါ"

# ဖိတ်စာ

"သူ့အိတ်ကပ်ထဲမှာ ငွေအများကြီးပါတယ်"

"အဲဒါကို မသိချင်ဘူး၊ သူ့အိတ်ကပ်ရဲ့နောက်မှာ ရင်ဘတ်တစ်ခုပါလား"

"ပါပါတယ်"

"ရင်ဘတ်ထဲမှာ နှလုံးသား လှလှတစ်ပွင့် ပါလား"

ဖြေသံ မကြားရ၊ မေးသူက ဆက်ပြောလိုက်သည်။

"အဲဒါပါရင် ဝင်ခဲ့လို့ ရပါတယ်"

# ရန်သူ

တစ်ခါက…
ဓားသမားအဘိုးအိုတစ်ဦးကို ကျွန်တော်မေးဖူး၏။

"အဘိုးက  ဘာဖြစ်လို့ ရန်သူကို ဖြောင့်ဖြောင့်တန်းတန်း ချိန်ရွယ်နိုင်တဲ့ ဓားမျိုး မကိုင်တာလဲ"

အဘိုးအိုက ချိန်ရွယ်လိုက်တိုင်း သူဆီသို့ ပြန်လည် ဦးမော့နေသည့် ဓားကောက်ကြီးကို တယုတယ ပွတ်သပ်ကာ ဖြေ၏။

"တကယ့်တကယ်ကျတော့ ကိုယ့်ရဲ့ရန်သူအစစ်ဟာ ကိုယ်ပဲလေကွယ်"

စာဖတ်သူတို့စာမျက်နှာ

http://www.facebook.com/ReadersPageMm

စာဖတ်သူတို့မှတ်စုများ

http://www.facebook.com/notesofreaders

Facebook Page နှစ်ခုက ပူးပေါင်းတင်ဆက်သည်။